**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**

**Geneva Call ၏ လက်နက်ကိုင်ပဋိပက္ခများကြောင့် ကလေးများအပေါ် ထိခိုက်သက်ရောက်မှုနှင့် လက်နက်ကိုင် ပဋိပက္ခကြောင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို တားမြစ်ခြင်းနှင့် လိင်ကွဲပြားမှုအပေါ် ဖိနှိပ်ဆက်ဆံခြင်းများအဆုံးသတ်ရေးကို လက်မှတ်ရေးထိုးခြင်းသဘောထားထုတ်ပြန်ချက်**

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် Geneva Call နှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ကလေးများအပေါ် ထိခိုက်သက်ရောက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခကြောင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုများကိုတားမြစ်ခြင်းနှင့် လိင်ကွဲပြားမှုအပေါ် ဖိနှိပ်ဆက်ဆံခြင်းများအဆုံးသတ်ရေး သံန္နိဌာန်ပြု ကြောင်း နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းအတွက် ဂုဏ်ယူမိပါသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် မိမိတို့၏နယ်မြေဒေသအတွင်း တန်းတူရေးနှင့် ကိုယ်ပိုင် ပြဌာန်းခွင့် ရရှိရန် နှစ်ပေါင်း(၆၈) ကျော် လက်နက်ကိုင် တိုက်ပွဲဝင်ခဲ့သည်။

အမျိုးသားကာကွယ်ရေးနှင့် နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်စွာချီတက်နိုင်ရန် ကရင်အမျိုး သားလွတ်မြောက်ရေးတပ်မတော်ကို (၁၉၅၆)ခုနှစ်တွင် စတင်ဖွဲ့ စည်းခဲ့ပါသည်။ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(KNLA)သည် စစ်ရေးနှင့်ပတ်သက်သည့် အတတ်ပညာများကို ကျွမ်းကျင်စွာနားလည်သင်ယူ ထားသော တပ်မတော်ဖြစ်ပါသည်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၏ မူဝါဒ၊ ကျင့်ဝတ် စည်းကမ်းနှင့် စည်းမျဉ်း စည်းကမ်းများသည် နိုင်ငံတကာ၏ စံနှုန်းများနှင့် ကိုက်ညီလျှက်ရှိသည်ဟု ယူဆပါသည်။ စစ်ရေးစစ်ရာတွင် နိုင်ငံတကာ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကိုလည်း လေးစားလိုက်နာ လျှက်ရှိသော တပ်မတော်ဖြစ်ပါသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးတွင်လည်း လက်နက်ကိုင်ပဋိပက္ခ အတွင်း ကလေးသူငယ်များနှင့် အမျိုးသမီးများကို အကာအကွယ်ပေးထားသော စည်းမျဉ်းစည်းကမ်းများ ရှိနှင့်ပြီးဖြစ်ပါသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် (၂၀၀၄)ခုနှစ်မှစ၍ အသက် (၁၈) နှစ် မပြည့် သေးသော ကလေးသူငယ်များအား ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) အတွင်းသို့ ဝင်ရောက် တာဝန်ထမ်းဆောင်ခြင်းကို လုံးဝတားမြစ်ထားပြီးဖြစ်ပါသည်။ ထို့အပြင် ကရင်အမျိုးသားအစည်းအရုံးကြီးအနေ ဖြင့် မိမိတို့၏ ထိန်းချုပ်ရာနယ်မြေအတွင်း ထောင်ပေါင်းများစွာသော ကလေးသူငယ်များကို အခြေခံပညာရေး အတွက် အထောက်အပံ့နှင့် ကျန်းမာရေးပြုစု စောင့်ရှောက်မှုများကိုလည်း ကူညီဆောင်ရွက်ပေးလျှက်ရှိပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏(၂၀၀၆)ခုနှစ်၊ နှစ်စဉ်အစီရင်ခံစာတွင် ကလေးသူငယ်နှင့် လက်နက်ဆိုင်ရာ ပဋိပက္ခအစီရင်ခံစာ ( Annex 1 ) တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ကို ထည့်သွင်းထားပါသည်။ ထိုအချိန်တွင် ကရင်အမျိုးသားအစည်းအရုံးကြီး အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂနှင့် အပြန် အလှန်ဆွေးနွေးခဲ့ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ကွယ်လွန်သွားခဲ့သော ဥက္ကဌကြီး စောဘသင်စိန် သည် UNICEF မှ ပြင်ဆင်တင်ပြခဲ့သော အကြောင်းအရာများကို လက်မှတ်ရေးထိုးခဲ့သည့်အတွက် ကရင်အမျိုး

သားလွတ်မြောက်ရေးတပ်မတော်အား ထိုစာရင်းမှ ပယ်ဖျက်ပစ်ရန် ပထမခြေလှမ်းဟု နားလည်ခဲ့ပါသည်။ သို့ရာတွင် မမျှော်လင့်သည့် တခဏတာအတွင်းတွင် ကမ္ဘာ့ကုလသမဂ္ဂမှ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည်နှင့် အဆက်အသွယ်ဖြတ်တောက်ခဲ့ပြီး ယခုအချိန်ထိလည်း အဆက်အသွယ်မရရှိခဲ့ပါ။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ နှစ်စဉ်အစီရင်ခံစာ ( Annex 1 ) တွင် ကျွန်ုပ်တို့အား ဆက်လက်ထည့်သွင်းထားပြီး ထိုစာရင်းမှ ထုတ်ပယ်ရန် တိကျသောသေချာသော နည်းလမ်းများ မရှိသည်ကို သတိပြုမိပါသည်။ ထိုသည့်တိုင်၊ အထက်တွင် ဖော်ပြခဲ့သော (၂၀၀၇) ခုနှစ်၌ ရေးထိုးခဲ့သည့် ကျွန်ုပ်တို့၏ ကတိခံဝန်ချက်လက်မှတ်သည် ယနေ့ထိတိုင် အသက်ဝင် လျက်ရှိသည်ဟု ယူဆပါသည်။ ယခု Geneva Call ၏ လက်နက်ကိုင်ပဋိပက္ခများကြောင့် ကလေးများအပေါ် ထိခိုက်သက်ရောက်မှုသည် ယခင်က ရေးထိုးခဲ့သော လက်မှတ်အားနေရာယူအစားထိုးခြင်းမဟုတ်ဘဲ ထိုယခင်က ရေးထိုးခဲ့သော လက်မှတ်အားပိုမို ပြည့်စုံစေသောသဘောဟု သတ်မှတ်ခံယူပါသည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် အပြန်အလှန် ဆွေးနွေးရန်လည်း လမ်းဖွင့် ထားလျက်ရှိပါသည်။

ထို့ကြောင့် သံန္နိဋ္ဌာန်ပြကြောင်း နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းအားဖြင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် မိမိ၏ လက်ရှိ စည်းမျဉ်းစည်းကမ်းများကို ဆက်လက်အသုံးပြုမည့်အပြင် ပိုမို၍ ခိုင်မာကျစ်လစ်အောင် လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးကြီးအနေဖြင့် သံန္နိဋ္ဌာန်ပြကြောင်း နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်သည့်အတွက် များစွာဂုဏ်ယူမိပါသည်။ ထို့အပြင် ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ထိုက်သင့်သော ကူညီထောက်ပံ့မှုများပေးခြင်း၊ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံမှုများ ပပျောက်စေရန် Geneva Call အပြင် အခြားသောအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်

- နေ့စွဲ - ဇွန်လိုင် ၂၁၊ ၂၀၁၃ နှစ်။
- ဘားအံမြို့၊ ကရင်ပြည်နယ်